# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## e-Government စနစ်နှင့် ချိတ်ဆက်အသုံးပြုနိုင်မည့် GIS စနစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် Digital မြေပုံ၊ ဓါတ်ပုံများ ဝယ်ယူခြင်းလုပ်ငန်း တင်ဒါစည်းကမ်းချက်များ

(တင်ဒါအမှတ် 2 (T) / eGov-NPTDC / 2017-2018)

၁။ တင်ဒါလျှောက်ထားသည့်ကုမ္ပဏီ/အဖွဲ့အစည်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားပိုင် ဖြစ်ရမည်။ အိတ်ဖွင့်တင်ဒါပုံစံတွင် သက်ဆိုင်ရာကုမ္ပဏီဥက္ကဋ္ဌ (သို့မဟုတ်) အုပ်ချုပ်မှုဒါရိုက်တာမှ လက်မှတ်ရေးထိုး ပေးပို့ရမည်။ တင်ဒါလျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်းမှ လွှဲအပ်ထားသည့် ကိုယ်စားလှယ်သည် ကိုယ်ရေး အချက်အလက် အပြည့်အစုံကို လိုင်စင်ဓါတ်ပုံ (၃) ပုံနှင့်တကွ ဖော်ပြပါလိပ်စာတွင် အမှန်တကယ် နေထိုင် ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ နိုင်ငံသား စိစစ်ရေး ကတ်တို့ဖြင့် အခိုင်အမာတင်ပြနိုင်ရမည်။

၂။ ပူးတွဲပါတင်ဒါလျှောက်ထားရာတွင် တွက်ချက်တင်ပြရမည့်အချက်အလက်များအတိုင်း လုပ်ငန်းအပ်နှံသူ မှ သတ်မှတ်ပေးထားသည့်ပမာဏအား GIS စနစ်တည်ဆောက်ခြင်း လုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းများနှင့် အညီဆောင်ရွက်နိုင်ရမည်။ GIS စနစ်တည်ဆောက်ခြင်းလုပ်ငန်း ရေရှည်ခိုင်မာစေရေး စီမံဆောင်ရွက်ပေးရမည်။

၃။ ဈေးပြိုင်စာရင်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသည့် ပုံစံအတိုင်း လုပ်ငန်းအလိုက် ခန့်မှန်းတွက်ချက်မှုများပူးတွဲလျက် တင်သွင်းရမည်။ သတ်မှတ်ထားသော စည်းကမ်းချက် များနှင့် မကိုက်ညီသော ဈေးပြိုင်တင်သွင်းသူများကို လုံးဝလက်ခံ စဉ်းစားမည် မဟုတ်ပါ။

၄။ တင်ဒါခေါ်ယူထားသော GIS စနစ်တည်ဆောက်ခြင်း လုပ်ငန်းများအတွက် ကုမ္ပဏီများမှ ဆောင် ရွက်မည့်လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် Technical Specification များအား အသေးစိတ် Proposal ပြည့်စုံစွာ ရေးဆွဲတင်သွင်းရမည်။ GIS စနစ်တည်ဆောက်ခြင်း လုပ်ငန်းများ၏ Technical Specification နှင့် ကုမ္ပဏီ နှင့်သက်ဆိုင်သည့် အချက်အလက်များပါဝင်သည့် တင်ဒါအဆိုပြုလွှာ (ဈေးနှုန်း အဆိုပြုလွှာမပါ) ကို (၂၂- ၅ - ၂၀၁၇) ရက်နေ့တွင် မြို့တော်ဝန်ရုံး၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် စာရင်းအင်း ထိန်းသိမ်းရေး ဌာနခွဲသို့ (၁၆၀၀) နာရီ နောက်ဆုံးထားပြီး တင်သွင်းရမည်။

၅။ ဈေးနှုန်းအဆိုပြုလွှာအား တင်ဒါတင်သွင်းသူများ အားလုံးကို ဖိတ်ခေါ်၍ တင်ဒါရွေးချယ်ပွဲ ပြုလုပ် မည့်နေ့ရက်၌ တင်ဒါပုံးထဲသို့ အများရှေ့မှောက်တွင် ထည့်သွင်းရမည်။ တင်ဒါရွေးချယ်ပွဲသို့ ကုမ္ပဏီမှ အဆုံး အဖြတ်ပေးနိုင်သူ ကိုယ်တိုင်တက်ရောက်ရမည်ဖြစ်ပြီး Presentation ဖြင့် တင်ပြနိုင်ရမည်။

၆။ GIS စနစ်တည်ဆောက်ခြင်း လုပ်ငန်း၏ Technical Specification နှင့် ကုမ္ပဏီနှင့် သက်ဆိုင်သည့် အချက်အလက်များပါဝင်သည့် တင်ဒါလျှောက်လွှာတင်ပြရာတွင် အောက်ပါအချက်အလက်များအား ပူးတွဲ တင်ပြရမည်−

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ။

(ခ ) ကုမ္ပဏီ/အဖွဲ့အစည်းမှတ်ပုံတင်မိတ္တူ။

(ဂ ) GIS စနစ်တည်ဆောက်ခြင်း လုပ်ငန်းအဆင့်ဆင့်နှင့် လုပ်ငန်းတွင်လိုအပ်မည့်ပစ္စည်းများနှင့် စပ်လျဉ်း၍ ခေါင်းစဉ်အလိုက် အသေးစိတ်တွက်ချက်မှုများ။

(ဃ) ကုမ္ပဏီ၏ အလားတူဆောင်ရွက်ခဲ့ဖူးသော လုပ်ငန်းအတွေ့အကြုံများ။

**e-Gov စနစ်နှင့် ချိတ်ဆက်အသုံးပြုနိုင်မည့် GIS စနစ်တည်ဆောက်ခြင်းလုပ်ငန်းအဆင့်ဆင့်**

၇။ e-Gov စနစ်နှင့် ချိတ်ဆက်အသုံးပြုနိုင်မည့် GIS စနစ်ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ Data Center တွင် ထားရှိအသုံးပြုနိုင်ရမည်ဖြစ်ပြီး တင်ဒါယှဉ်ပြိုင်မှုအတွက် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရမည် -

(က) GIS စနစ်သည် လူအများတပြိုင်နက်အသုံးပြုနိုင်သော စနစ်ဖြစ်ရမည်။ Web browser များနှင့် တွဲဖက်အသုံးပြု၍ အဆင်ပြေရမည်။

(ခ ) Desktop GIS, Mobile GIS, Web-based GIS စသည့် Platform (၃)မျိုးဖြင့် အသုံးပြုနိုင်ရမည်။

(ဂ ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ e-Government Application ဖြစ်သော e-office စနစ်နှင့် တွဲဖက်၍ အသုံးပြုနိုင်ရမည်။ e-office စနစ်မှ ပေးပို့သော Data များကို GIS တွင် ဖော်ပြနိုင်ရန်အတွက် လိုအပ်သော Component ရှိရမည်။ GIS Data များကိုလည်း e-Office စနစ်တွင် ပေါင်းစပ်အသုံးပြုနိုင်သော Integration စနစ်ရှိရမည်။

(ဃ ) GIS စနစ်ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီရှိ e-Gov applications များနှင့် ပေါင်းစပ်အသုံးပြုနိုင်ရမည်။

(င) GIS စနစ်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ e-Office စနစ်၏ Update Data များကို Layer များနှင့် တကွ အချိန်နှင့်တပြေးညီ ဖော်ပြနိုင်ရမည်။

(စ) နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ e-Government Applications များ၏ update data များကို update ပြုလုပ်သည်နှင့် တပြိုင်နက် GIS စနစ်တွင် အသုံးပြုနိုင်ရန် အချိန်နှင့် တပြေးညီ ဖော်ပြနိုင်ရမည်။

(ဆ) GIS စနစ်သည် NPTDC Webportal နှင့် ပေါင်းစပ်အသုံးပြုနိုင်ရမည်။ လိုအပ်ပါက GIS စနစ် မြေပုံများကို Webportal ထဲမှတဆင့် ဝင်ကြည့်နိုင်သော စနစ်ဖြစ်ရမည်။

(ဇ ) NPTDC Webportal, NPTDC e-Government, GIS စနစ်များမှ စနစ်တစ်ခုသို့ ဝင်ရောက် ပြီးနောက် အခြားစနစ်တစ်ခုသို့ ဝင်ရောက်လိုပါက ထပ်မံ၍ login ပြုလုပ်စရာမလိုသော Single sign on စနစ်ဖြစ်ရမည်။

(ဈ) GIS စနစ်သည် Web မှတဆင့် အသုံးပြုနိုင်သော Web Server Version စနစ်ဖြစ်ရမည်။

(ည) GIS Web Application ကို NPTDC Webportal မှ မဟုတ်ဘဲ ဝင်ရောက်လိုပါက NPTDC e-Government ၏ login application service မှတဆင့် ဝင်ရောက်နိုင်ရမည်။

(ဋ) GIS စနစ်တည်ဆောက်ရန်အတွက် ဒေသခံကုမ္ပဏီ ဖြစ်ရမည်။ နေပြည်တော်တွင် အခြေစိုက်သော ကုမ္ပဏီကို ဦးစားပေးမည်။ အသုံးပြုစဉ် လိုအပ်ပါက အချိန်မရွေး တစ်ရက်အတွင်း ဖြေရှင်းပေးနိုင်ရမည့်အပြင် Solution ကိုလည်း ဌာနသို့ ပြန်လည်လွှဲအပ်ပေးရမည်။

(ဌ) GIS စနစ်ကို တည်ဆောက်ရာတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ လိုအပ်သော အချက်အလက် Data များကို အလွယ်တကူ လျင်မြန်စွာဆောင်ရွက်နိုင်ရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ e-Government အဖွဲ့၏ လမ်းညွှန်မှုအောက်တွင် GIS application development ကို အကောင်အထည်ဖော်နိုင်ရမည်။

(ဍ) GIS စနစ်တည်ဆောက်စဉ်ကာလအတွင်း လိုအပ်သောလုပ်ငန်းများ၊ ဆောင်ရွက်ပြီးဖြစ်သောလုပ်ငန်းများ၊ လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်တာများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီရှိ သက်ဆိုင်ရာ ဌာနသို့ အပတ်စဉ် အစီရင်ခံစာ (Report) တင်ပေးရမည်။

(ဎ) GIS software နှင့် GIS map များအသုံးပြုရန် လိုအပ်သော Training Plan တစ်ခါတည်း ပါရှိရမည်။ Training ပေးနိုင်ရမည်။

(ဏ) Training တွင် သင်တန်းဆရာများ၊ လက်ထောက်သင်တန်းဆရာများအတွက် ကုမ္ပဏီမှ တာဝန်အရပ်ရပ်ကို ယူ၍ စီစဉ်ပေးနိုင်ရမည်။

**Digital မြေပုံ၊ ဓါတ်ပုံများ ဝယ်ယူခြင်းလုပ်ငန်း**

၈။ တင်ဒါယှဉ်ပြိုင်မှုအတွက် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရမည်-

(က) Digital မြေပုံ၊ ဓါတ်ပုံများသည် ၆ လအတွင်း ရိုက်ကူးထားသော ပုံများဖြစ်ရမည်။

(ခ) Digital မြေပုံ၊ ဓါတ်ပုံများ၏ resolution သည် 30 cm image အထိ ကြည့်နိုင်သော Quality ရှိရမည်။ ကြည်လင်ပြတ်သားမှုရှိရမည်။

(ဂ) Digital မြေပုံ၊ ဓါတ်ပုံများသည် ArcGIS software server version တွင် integrate ပြုလုပ်အသုံးပြုနိုင်ရမည်။

(ဃ) Digital မြေပုံ၊ ဓါတ်ပုံများသည် တိမ်ဖုံးအုပ်ခြင်းဖြစ်ထားသောပုံဖြစ်ပါက တိမ်ဖုံးအုပ်မှု ရာခိုင်နှုန်းသည် ၁၅ ရာခိုင်နှုန်းအောက်ဖြစ်ရမည်။

(ဂ) NPTDC e-Government စနစ်တစ်ခုဖြစ်သော e-office Application နှင့် Arc GIS software တွဲသုံးမည်ဆိုပါက Digital မြေပုံ၊ ဓါတ်ပုံများသည် resolution ကျသွားခြင်းမရှိဘဲ အဆင်ပြေစွာ Integration လုပ်နိုင်သော ပုံများဖြစ်ရမည်။

(စ) အကျယ်အဝန်းအားဖြင့် အနည်းဆုံး ၃၄၀ စတုရန်း ကီလိုမီတာခန့် ဧရိယာအတွက် Digital မြေပုံ၊ ဓါတ်ပုံများကို ဝယ်ယူသွားမည်ဖြစ်ပြီး၊ တင်ဒါယှဉ်ပြိုင်ရာတွင် ၁ စတုရန်းကီလိုမီတာ ဧရိယာအတွက် ကျသင့်မည့် ဈေးနှုန်းကို တွက်ချက်ယှဉ်ပြိုင်သွားရန် ဖြစ်သည်။

၉။ ဈေးနှုန်းအဆိုပြုလွှာစာအိတ်တွင် ကုန်ကျစရိတ်အတွက် အောက်ပါခေါင်းစဉ်များအတိုင်း အသေးစိတ် တွက်ချက်ဖော်ပြပေးရမည်-

(က) GIS စနစ်တည်ဆောက်ခြင်း လုပ်ငန်းများ၏ ကုန်ကျစရိတ်

(ခ) Digital မြေပုံ၊ ဓါတ်ပုံများ ဝယ်ယူခြင်းကုန်ကျစရိတ်

(ဂ) Configuration, Installation, Training Charges

(ဃ) Maintenance, Monitoring and Technical Support (For 1 year)

**အာမခံနှင့်ငွေပေးချေခြင်း**

၁၀။ အိတ်ဖွင့်တင်ဒါတင်သွင်းသည့် ကုမ္ပဏီ/အဖွဲ့အစည်းသည် တင်ဒါတင်သွင်းသည့် အချိန်တွင် တင်ဒါ အာမခံကြေး (Bid Security) အဖြစ် ကျပ် (၁,၈၀၀,၀၀၀/-) ပေးသွင်းရန် နေပြည်တော်စည်ပင်ဘဏ် လီမိတက် (နေပြည်တော်) တွင် ငွေပေးအမိန့်လွှာ (Payment Order) ဝယ်ယူရမည်။ ဈေးနှုန်းလွှာ ပေးပို့ချိန် တွင် ငွေပေး သွင်းထားသော (Payment Order) မူရင်းအား တစ်ပါတည်းပေးပို့ရမည်။ တင်ဒါအာမခံကြေး မပေးသွင်းသူများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးလက်ခံမည့် (၂၂-၅-၂၀၁၇) ရက် (၁၆၀၀) နာရီထက် နောက်ကျရောက်ရှိလာသော အိတ်ဖွင့်တင်ဒါများကို တင်ဒါစိစစ် ရွေးချယ်ရေးအဖွဲ့ မှ လုံးဝစဉ်းစားမည် မဟုတ်ပါ။ တင်ဒါမအောင်မြင်သော ကုမ္ပဏီ/အဖွဲ့အစည်းများအား ၎င်းတို့၏ တင်ဒါ အာမခံကြေးကို (၇) ရက်အတွင်းပြန်လည်ထုတ်ပေးပါမည်။

၁၁။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီ/အဖွဲ့အစည်းသည် အောင်မြင်သောလုပ်ငန်းတန်ဖိုး၏ (၅%) ကို အာမခံငွေ (Performance Bank Guarantee) အဖြစ် နေပြည်တော်စည်ပင်ဘဏ်လီမိတက် (နေပြည်တော်) တွင် တင်ဒါအောင်မြင်ပြီး (၇) ရက်အတွင်း ပေးသွင်းရမည်။ အဆိုပါ အာမခံငွေ (၅%) ကို Warrenty ကာလ (၁) နှစ် ပြီးဆုံးပြီးနောက်မှသာ ပြန်လည်ထုတ်ယူခွင့်ပြုမည်။

၁၂။ တင်ဒါအောင်မြင်သူအား အထက်အပိုဒ် (၁၁) ပါ အာမခံငွေ (Performance Bank Guarantee) ပေးသွင်းပြီးကြောင်း အထောက်အထားတင်ပြပြီးမှသာ တင်သွင်းထားသော တင်ဒါအာမခံကြေးကို ပြန်လည် ထုတ်ပေးပါမည်။

၁၃။ အာမခံငွေ (Performance Bank Guarantee) ကို တင်ဒါအောင်မြင်ပြီး (၇) ရက်အတွင်း ပေးသွင်းရန် ပျက်ကွက်ပါက တင်ဒါတင်သွင်းစဉ် ပေးသွင်းထားသော တင်ဒါအာမခံကြေးများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီရန်ပုံငွေအဖြစ် ပြောင်းလဲသတ်မှတ်မည်ဖြစ်ပြီး၊ လုပ်ငန်းလုပ်ကိုင်ခွင့်အား e-Government ဆိုင်ရာ ပစ္စည်းဝယ်ယူရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

၁၄။ စာချုပ်ချုပ်ဆိုပြီး(၁)ပတ်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်ရမည်။ စာချုပ်ချုပ်ဆိုရာတွင် သတ်မှတ်ထားသော အခွန်အခများ အားလုံးကို တင်ဒါအောင်မြင်သည့် လုပ်ငန်းလက်ခံသူမှ ကျခံရမည်။ (၂၂ - ၆ -၂၀၁၇) ရက်နေ့ နောက်ဆုံးထား၍ လုပ်ငန်းအပ်နှံရမည်။ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ/မရှိ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဖွဲ့စည်းပေးသော လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးအဖွဲ့တို့၏ စစ်ဆေးမှုကို ခံယူရမည်။

၁၅။ **လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့တို့၏ စစ်ဆေးမှုအရ လုပ်ငန်းအပ်နှံပြီးချိန်မှ ငွေပေးချေပါမည်။** နေပြည်တော်စည်ပင်သာယာရေးကော်မတီမှဖွဲ့စည်းပေးသော လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းပြီးစီးကြောင်း စစ်ဆေးမှုခံယူပြီးမှသာလျှင် တစ်ကြိမ်တည်း အပြေအကျေ ပေးချေသွားမည်ဖြစ်ပါသည်။ နိုင်ငံတော်သို့ ပေးဆောင်ရမည့် ဝင်ငွေခွန် (၂%)၊ ကုန်သွယ်လုပ်ငန်းခွန် (၅%) နှင့် သီးခြားပေါ်ပေါက်လာသည့် ပေးဆောင်ရန် အခွန်အခများအားလုံးကို တင်ဒါအောင်မြင်သည့် လုပ်ငန်းလက်ခံသူမှ ပေးသွင်းရမည်။ အခွန်ပေးဆောင်ရာတွင် တည်ဆဲဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၆။ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ စာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ရွေးချယ်ခံရသူ ကုမ္ပဏီ/အဖွဲ့အစည်းမှ ပြီးပြတ်သည်အထိ အစစ်ဆေးခံရမည်ဖြစ်သည်။

**အထွေထွေ**

၁၇။ အိတ်ဖွင့်တင်ဒါပါ တွက်ချက်မှုများကို တင်သွင်းသည့်ကုမ္ပဏီ/အဖွဲ့အစည်းမှ လုံးဝတာဝန်ယူရမည်။ (မှားယွင်းတွက်ချက်မှုများ၊ မှားယွင်းဖြည့်စွက်မှုများရှိပါက တွက်ချက်တင်သွင်းသည့် ကုမ္ပဏီ/အဖွဲ့အစည်း၏ တာဝန်သာဖြစ်ပါသည်။)

၁၈။ သတ်မှတ်ထားသော ရက်အတွင်း လုပ်ငန်းအပ်နှံနိုင်ခြင်းမရှိပါက နောက်ကျကြေးအဖြစ် တစ်ရက်လျှင် ဆောင်ရွက်ရန်ကျန် လုပ်ငန်းတန်ဖိုး၏ (၀.၀၁ %) ကို ပေးဆောင်ရမည်။ သတ်မှတ်ထားသည့်အတိုင်း လုပ်ငန်းပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိဟု နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကြီးကြပ်မှုကော်မတီနှင့် လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့က သတ်မှတ်ဆုံးဖြတ်ပါက လုပ်ငန်းအပ်နှံမှုကို ရပ်စဲမည်ဖြစ်ပြီး၊ လုပ်ငန်းအာမခံငွေ (၅%) အား နေပြည်တော်စည်ပင်သာယာရေးကော်မတီရန်ပုံငွေအဖြစ် သိမ်းဆည်းမည်ဖြစ်သည့်အပြင် လုပ်ငန်းလုပ်ကိုင်ခွင့်အား e-Government ဆိုင်ရာ ပစ္စည်းဝယ်ယူရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

၁၉။ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့သည် အကျိုးအကြောင်းဖော်ပြ၍ ဈေးပြိုင်တင်သွင်းလွှာ ပယ်ဖျက်နိုင်ခွင့်ရှိသည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖောက်ဖျက်ပါက လုပ်ငန်းအာမခံငွေအား နေပြည်တော်စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေအဖြစ် သိမ်းဆည်းမည့်အပြင် နာမည်ပျက်စာရင်း ကြေညာခြင်းခံရမည်ဖြစ်ပြီး တည်ဆဲဥပဒေများအရ တရားစွဲဆိုခြင်းခံရမည်။

၂၀။ တင်ဒါတင်သွင်းသူသည် အခြားသိရှိလိုသောအချက်များရှိပါက နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ၊ ပြည်တွင်းပြည်ပ ဆက်ဆံရေးနှင့် စာရင်းအင်းထိန်းသိမ်းရေးဌာန ဖုန်း- ၀၆၇-၄၃၂၃၄၁၊ ၀၆၇-၈၁၀၈၀၁၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ စုံစမ်းမေးမြန်းခြင်း မရှိခဲ့သော တင်သွင်းသူသည် ဤစည်းကမ်းချက်များကို သိရှိနားလည်ပြီးဖြစ်သည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

[တင်ဒါတင်သွင်းရာတွင် ပေးပို့လျှောက်ထားရမည့် လျှောက်လွှာပုံစံ (ဈေးနှုန်းလွှာမပါ)]

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**e-Government စနစ်နှင့် ချိတ်ဆက်အသုံးပြုနိုင်မည့် GIS စနစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့်**

**Digital မြေပုံ၊ ဓါတ်ပုံများ ဝယ်ယူခြင်းလုပ်ငန်း လုပ်ဆောင်ရန်လုပ်ငန်းအပ်နှံခြင်း**

**(တင်ဒါအမှတ် 2 (T)/ eGov-NPTDC / 2017-2018)**

**အိတ်ဖွင့်တင်ဒါ (Open Tender)**

၁။ လုပ်ငန်းအမည် ——————————————

၂။ တင်ဒါသွင်းသူ အမည်/ရာထူး ——————————————

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ——————————————

၄။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ——————————————

၅။ ကုမ္ပဏီအဖွဲ့အစည်း ——————————————

အမည်၊ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်း ——————————————

၆။ တင်ဒါအာမခံကြေးပေးသွင်းသည့် ——————————————

အထောက်အထား

၇။ လုပ်ငန်းဆောင်ရွက်မည့်အချိန်ကာလ ——————————————

၈။ တင်ဒါစည်းကမ်းချက်များကို တိကျစွာလိုက်နာပါမည်ဟု ဝန်ခံကတိပြုပါသည်။

တင်ဒါတင်သွင်းသူ

လက်မှတ် ...................................................................

အမည် ...................................................................

ကုမ္ပဏီအဖွဲ့အစည်း...................................................................

မှတ်ပုံတင်အမှတ် ...................................................................

[တင်ဒါတင်သွင်းရာတွင် ပေးပို့လျှောက်ထားရမည့် လျှောက်လွှာပုံစံ (ဈေးနှုန်းလွှာမပါ)]

## အိတ်ဖွင့်တင်ဒါတင်သွင်းခွင့်လျှောက်လွှာ

အမှတ်စဉ်-

သို့

တင်ဒါစိစစ်ရွေးချယ်ရေးကြီးကြပ်မှုကော်မတီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်

လူကြီးမင်းခင်ဗျာ/ရှင့်

၁။ ကျွန်တော်/ကျွန်မသည် အိတ်ဖွင့်တင်ဒါတင်သွင်းမှုဆိုင်ရာ စာရွက်စာတမ်းများဖြစ်သော အိတ်ဖွင့် တင်ဒါသွင်းရာတွင် လိုက်နာရမည့်အိတ်ဖွင့်တင်ဒါတင်သွင်းသူကို ညွှန်ကြားမှုများဆိုင်ရာ စာရွက်စာတမ်းများ အိတ်ဖွင့်တင်ဒါ ပုံစံ BQ၊ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များ၊ စံချိန် စံညွှန်းများကို ဖတ်ရှုနားလည်ပြီးဖြစ်ပါသည်။

၂။ ထိုသို့ ဖတ်ရှုသိရှိနားလည်ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျမည့်စရိတ်အားလုံး ထည့်သွင်းတွက်ချက်ထားပါသည်။

၃။ အကယ်၍ ကျွန်တော်/ကျွန်မ၏ အိတ်ဖွင့်တင်ဒါကို ရွေးချယ်ခံရပါက ဌာနမှတရားဝင် အကြောင်းကြားစာ ရရှိပြီး (၇) ရက်အတွင်း တရားဝင်စာချုပ်ချုပ်ဆို၍ (၂၂-၆-၂၀၁၇) ရက်နေ့ နောက်ဆုံးထား၍ လုပ်ငန်း အပ်နှံသွားမည်ဖြစ်ပါသည်။

၄။ ကျွန်တော်/ကျွန်မသည် အိတ်ဖွင့်တင်ဒါတင်သွင်းမှုဆိုင်ရာ ညွှန်ကြားချက်များနှင့် အိတ်ဖွင့်တင်ဒါ စည်းကမ်းများကို ဖတ်ရှုသိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ရန် သဘောတူလက်ခံပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့် –

လက်မှတ် ..........................................

ဥက္ကဋ္ဌ/အုပ်ချုပ်မှုဒါရိုက်တာအမည် ..........................................

ကုမ္ပဏီအမည်/လိပ်စာ ..........................................

[တင်ဒါရွေးချယ်မည့်နေ့တွင် ကိုယ်တိုင်ယူဆောင်လာရမည့် ဈေးနှုန်းလွှာနမူနာပုံစံ]

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

e-Government စနစ်နှင့် ချိတ်ဆက်အသုံးပြုနိုင်မည့် GIS စနစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့်

Digital မြေပုံ၊ ဓါတ်ပုံများ ဝယ်ယူခြင်းလုပ်ငန်း လုပ်ဆောင်ရန်လုပ်ငန်းအပ်နှံခြင်း

(တင်ဒါအမှတ် 2 (T)/ eGov-NPTDC / 2017-2018)

အိတ်ဖွင့်တင်ဒါ (Open Tender)

၁။ လုပ်ငန်းအမည် ————————————————

၂။ တင်ဒါသွင်းသူ အမည်/ရာထူး ————————————————

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ————————————————

၄။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ————————————————

၅။ ကုမ္ပဏီအဖွဲ့အစည်း ————————————————

အမည်၊ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်း ————————————————

၆။ အဆိုပြုလုပ်ငန်းတန်ဖိုး(ကျပ်သန်း) ————————————————

၇။ တင်ဒါအာမခံကြေးပေးသွင်းသည့် ————————————————

အထောက်အထား

၈။ လုပ်ငန်းဆောင်ရွက်မည့်အချိန်ကာလ ————————————————

၉။ တင်ဒါစည်းကမ်းချက်များကို တိကျစွာလိုက်နာပါမည်ဟု ဝန်ခံကတိပြုပါသည်။

တင်ဒါတင်သွင်းသူ

လက်မှတ် ..........................................

အမည် ..........................................

ကုမ္ပဏီအဖွဲ့အစည်း ..........................................

မှတ်ပုံတင်အမှတ် ..........................................

[တင်ဒါရွေးချယ်မည့်နေ့တွင် ကိုယ်တိုင်ယူဆောင်လာရမည့် ဈေးနှုန်းလွှာနမူနာပုံစံ]

# အိတ်ဖွင့်တင်ဒါတင်သွင်းခွင့်လျှောက်လွှာ

အမှတ်စဉ်-

သို့

တင်ဒါစိစစ်ရွေးချယ်ရေးကြီးကြပ်မှုကော်မတီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်

လူကြီးမင်းခင်ဗျာ/ရှင့်

၁။ ကျွန်တော်/ကျွန်မသည် အိတ်ဖွင့်တင်ဒါတင်သွင်းမှုဆိုင်ရာ စာရွက်စာတမ်းများဖြစ်သော အိတ်ဖွင့် တင်ဒါသွင်းရာတွင် လိုက်နာရမည့်အိတ်ဖွင့်တင်ဒါတင်သွင်းသူကို ညွှန်ကြားမှုများဆိုင်ရာ စာရွက်စာတမ်းများ အိတ်ဖွင့်တင်ဒါ ပုံစံ BQ၊ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များ၊ စံချိန် စံညွှန်းများကို ဖတ်ရှုနားလည်ပြီး ဖြစ်ပါသည်။

၂။ ထိုသို့ ဖတ်ရှုသိရှိနားလည်ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျမည့်စရိတ်အားလုံး ထည့်သွင်း တွက်ချက်ထားပါသည်။

၃။ ကျွန်တော်/ကျွန်မ၏ အပြည့်အစုံတွက်ချက်ထားသည့် အိတ်ဖွင့်တင်ဒါတန်ဖိုးငွေကျပ် ------------------ (ကျပ်ငွေ -------------------------------------------------- တိတိ) ဖြစ်ပါသည်။

၄။ အကယ်၍ ကျွန်တော်/ကျွန်မ၏ အိတ်ဖွင့်တင်ဒါကို ရွေးချယ်ခံရပါက ဌာနမှတရားဝင် အကြောင်းကြားစာ ရရှိပြီး (၇) ရက်အတွင်း တရားဝင်စာချုပ်ချုပ်ဆို၍ (၂၂-၆-၂၀၁၇) ရက်နေ့ နောက်ဆုံးထား၍ လုပ်ငန်း အပ်နှံသွားမည်ဖြစ်ပါသည်။

၅။ ကျွန်တော်/ကျွန်မသည် အိတ်ဖွင့်တင်ဒါတင်သွင်းမှုဆိုင်ရာ ညွှန်ကြားချက်များနှင့် အိတ်ဖွင့်တင်ဒါ စည်းကမ်းများကို ဖတ်ရှုသိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ရန် သဘောတူလက်ခံပါကြောင်း ဝန်ခံကတိပြု ပါသည်။

လေးစားစွာဖြင့် –

လက်မှတ် ............................................

ဥက္ကဋ္ဌ/အုပ်ချုပ်မှုဒါရိုက်တာအမည် ............................................

ကုမ္ပဏီအမည်/လိပ်စာ ............................................